# အခန်း ၁၃
# ဝမ်းဗိုက်အောက်ပိုင်းနာကျင်ခြင်း



မျိုးပွားအင်္ဂါများသည်အမျိုးသမီးတစ်ဦး၏ဝမ်းဗိုက်အောက်ပိုင်းတွင် အခြားကိုယ်တွင်းအင်္ဂါများနှင့်အတူရှိပါသည်။




➤ နာကျင်ခြင်းသည်အမျိုးသမီးတစ်ဦး၏ဘဝတွင်ပုံမှန်အစိတ်အပိုင်းတစ်ခုမဖြစ်သင့်ပါ။ တစုံတရာဖြစ်နေပြီဟုသောလက္ခဏာတစ်ရပ်ဖြစ်သည်။ သင်မတ်တပ်မရပ်နိုင်၊ လမ်းမလျှောက်နိုင် (သို့) စကားမပြောနိုင်အောင်ဖြစ်သည်အထိမဆိုးရွားခင် စောင့်ရှောက်မှုကိုခံယူပါ။

အမျိုးသမီးအများစုသည်ဝမ်းဗိုက်အောက်ပိုင်းတွင်တခါတရံနာကျင်လေ့ရှိပါသည်။ ဤကဲ့သို့နာကျင်ခြင်းမှာပုံမှန်ဖြစ်၍အောင့်ပြီးခံသင့်သည်ဟု သင်ကြားခြင်းခံရတတ်သည်။ လူတချို့ကမတ်တပ်ရပ်၊ လမ်းလျှောက်၊ စကားပြောနိုင်သရွေ့ထိုနာကျင်မှုမှာမဆိုးရွားဟုထင်မြင်တတ်ပါသည်။ သို့သော်အမျိုးသမီး

တစ်ဦးသည်ထိုနာကျင်မှုအတွက်ကုသမှုကိုမခံယူဘဲစောင့်ဆိုင်းနေလျှင် နောက်ဆက်တွဲရလာဒ်အဖြစ်ရောဂါပိုးဝင်းခြင်း၊ မြုံခြင်း (ကလေးမရနိုင်ခြင်း)၊ ကိုယ်ဝန်ပျက်ခြင်းနှင့် အသက်အန္တရာယ်ထိခိုက်ခြင်းများဖြစ်နိုင်ပါသည်။

ဤအခန်းတွင်ဝမ်းဗိုက်အောက်ပိုင်း (ချက်အောက်ပိုင်း) နာကျင်မှုပုံစံများနှင့်ဖြစ်ပေါ်စေသောအကြောင်းရင်းများကိုဖော် ပြထားပါသည်။ အချို့သောနာကျင်မှုများသည်ချက်အတက်သို့ ပြန့်နှံ့နိုင်ပြီး အခြားသောအကြောင်းများကြောင့်ဖြစ်နိုင်ပါသည်။ အချို့ဝမ်းဗိုက်အောက်ပိုင်းပြဿနာများသည်ကျောအောက်ပိုင်းကိုလည်းနာကျင်စေပါသည်။

## ဝမ်းဗိုက်တွင်ရုတ်တရက်အပြင်းအထန်နာကျင်ခြင်း။

အချို့ဝမ်းဗိုက်အောက်ပိုင်းနာကျင်ခြင်းသည်အရေးပေါ်ကိစ္စဖြစ်သည်။ **အောက်ဖော် ပြပါအန္တရာယ်ရှိသောလက္ခဏာများရှိလျှင်အနီးဆုံးဆေးရုံသို့သွားပါ။**

### အန္တရာယ်ရှိသောလက္ခဏာများ

- ဝမ်းဗိုက်တွင် ရုတ်တရက်အပြင်းအထန်နာကျင်ခြင်း
- အဖျားကြီးခြင်း
- ပျို့ခြင်းနှင့် အော့အန်ခြင်း
- ဝမ်းဗိုက်ဖေါင်းယောင်ပြီး သစ်သားတုံးကဲ့သို့ မာလာခြင်း
- ဝမ်းဗိုက်တွင်းမှ အသံမကြားရခြင်း



## ဝမ်းဗိုက်အောက်ပိုင်းနာကျင်မှုအမျိုးအစားများ

ဝမ်းဗိုက်အောက်ပိုင်းနာကျင်မှုမှာအကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်သည်။ ဝမ်းဗိုက်ထဲတွင်အင်္ဂါများစွာရှိသောကြောင့်ဖြစ်ပေါ်စေသောအကြောင်းရင်းကိုသိရှိရန်ခဲယဉ်းနိုင်သည်။

| နာကျင်မှုအမျိုးအစား | ဖြစ်နိုင်ခြေရှိသောအကြောင်းရင်း | ဆောင်ရွက်ရန် |
|---|---|---|
| လစဉ်ရာသီသွေးပေါ်ချိန်တွင် (သို့) လကျော်ပြီးနောက်ရတ်တရက်အပြင်းအထန်နာကျင်ခြင်း | သားဥပြွန်ထဲတွင်သန္ဓေတည်ခြင်း  | • အရေးပေါ်အခြေအနေ။ • ချက်ချင်းဆေးရုံသို့သွားပါ။ |
| လစဉ်သွေးပေါ်ချိန်တွင်တောက်လျှောက်နာခြင်း။ | သားအိမ်အတွင်းအလုံးရှိခြင်း။  | • ရာသီသွေးပေါ်ချိန်တွင်နာကျင်ခြင်းအကြောင်းဖတ်ပါ။ • အနာပျောက်ဆေးသောက်သုံးပါ။ |
| လစဉ်သွေးပေါ်ချိန်တွင်ဆွဲဆုပ်ထားသလိုနာကျင်ခြင်း (ကြွက်တက်ခြင်း) | • သားအိမ်ပုံမှန်ညှစ်ခြင်း။ • အချို့သားအိမ်တွင်းထည့်သန္ဓေတားပစ္စည်း (IUD) ကြောင့်ပိုမိုနာကျင်ခြင်း။ | ရာသီသွေးပေါ်ချိန်တွင်နာကျင်ခြင်းအကြောင်းဖတ်ပါ။ |
| ရာသီသွေးနောက်ကျပြီးနာကျင်ခြင်း။ | ကိုယ်ဝန်ပျက်ကျခြင်း။  | နာကျင်မှုပြင်းထန်လာလျှင်ဆေးရုံသို့သွားပါ။ |
| သားဖွားပြီးစ၊ သားပျက်သားလျှောပြီးနောက်နာကျင်ခြင်း။ | • သားအိမ်ထဲတွင်ကျန်ရစ်ခဲ့သော အချင်းအစအနများသို့ပိုးဝင်ခြင်း။ (သို့) • သားဖွားစဉ် (သို့) သားလျှောသားပျက်စဉ်သားအိမ်ထဲသို့ပိုးဝင်ခြင်း။ | သားအိမ်ထဲပိုးဝင်ခြင်းနှင့် သားလျှောသားပျက်ပြီးပိုးဝင်ခြင်းအကြောင်းဖတ်ပါ။ |

| နာကျင်မှုအမျိုးအစား | ဖြစ်နိုင်ခြေရှိသောအကြောင်းရင်း | ဆောင်ရွက်ရန် |
|---|---|---|
| **ဖျားပြီးနာကျင်ခြင်း (ပိုးဝင်ခြင်း)**<br>• လိင်မှုဆိုင်ရာကူးစက်ရောဂါဖြစ်စဉ် (သို့) ဖြစ်ပြီးချိန်။ ဆီးခုံတွင်းပိုးဝင်ခြင်းဖြစ်စဉ် (သို့) ဖြစ်ပြီးချိန်။<br><br>• ဖျား၊ ပျို့အန်၊ အစားအသောက်ပျက်ပြီးဝမ်းဗိုက်တခြမ်းတွင်နာကျင်ခြင်း။ | <br>• ဆီးခုံတွင်းနောက်ထပ်ပိုးဝင်ခြင်း (သို့) ဝမ်းဗိုက်တွင်းပြည်တည်ခြင်း။<br>• အူအတက်ရောင်ခြင်း (သို့) အူအတွင်းပိုးဝင်ခြင်း။<br>• ကျောက်ကပ်ပိုးဝင်ခြင်း။ | • အရေးပေါ်အခြေအနေ။<br>• ဆေးရုံသို့ချက်ချင်းသွားပါ။<br><br>• အရေးပေါ်အခြေအနေ။<br>• ဆေးရုံသို့ချက်ချင်းသွားပါ။<br><br>• ဆီးအိမ်နှင့်ကျောက်ကပ်ပိုးဝင်ခြင်းအကြောင်းဖတ်ပါ။ |
| **ဝမ်းလျှောပြီးနာကျင်ခြင်း။** | ဘက်တီးရီးယားပိုး (သို့) ကပ်ပါးပိုးအူလမ်းကြောင်းထဲဝင်ခြင်း။ | ဝမ်းလျှောခြင်းအကြောင်းဖတ်ပါ။ |
| သွေးပေါ်လိုက်ပျောက်လိုက်ဖြစ်ခြင်းနှင့် ကိုယ်ဝန်ပထမ (၃) လအတွင်းအပြင်းအထန်နာကျင်ခြင်း။ |  | • အရေးပေါ်အခြေအနေ။<br>• ချက်ချင်းဆေးရုံသို့သွားပါ။ |
| ကိုယ်ဝန်နောက်ဆုံး ၃ လအတွင်းအပြင်းအထန်နာကျင်ခြင်း။ (သွေးဆင်းခြင်းရှိနိုင်၊ မရှိနိုင်) |  | • အရေးပေါ်အခြေအနေ။<br>• ချက်ချင်းဆေးရုံသို့သွားပါ။ |
| ကိုယ်ဝန်ဆောင်စဉ်တခါတရံအနည်းငယ်နာကျင်ခြင်း။ | ပုံမှန်ဖြစ်နိုင်သည်။ | ကုသမှုမလိုအပ်ပါ။ |

| နာကျင်မှုအမျိုးအစား | ဖြစ်နိုင်ခြေရှိသောအကြောင်းရင်း | ဆောင်ရွက်ရန် |
|---|---|---|
| • ဆီးမကြာခဏသွားပြီးနာကျင်ခြင်း။<br><br>• ဆီးထဲတွင်သွေးပါပြီးနာကျင်ခြင်း။ | • ဆီးအိမ် (သို့) ကျောက်ကပ်ထဲပိုးဝင်ခြင်း။<br><br>• ကျောက်ကပ်တွင်ကျောက်တည်ခြင်း။ | ဆီးအိမ်နှင့်ကျောက်ကပ်ပိုးဝင်ခြင်းအကြောင်းဖတ်ပါ။<br><br>ကျောက်ကပ်နှင့်ဆီးအိမ်တွင်ကျောက်တည်ခြင်းအကြောင်းဖတ်ပါ။ |
| တစ်ခါတစ်ရံဖျားပြီး မွေးလမ်းကြောင်းမှအရည်ဆင်းခြင်း (သို့)သွေးအနည်းငယ်ဆင်းခြင်းနှင့်အတူနာကျင်ခြင်း။ | <br>လိင်မှုဆိုင်ရာကူးစက်ရောဂါများ(STD) (သို့) ကိုယ်ဝန်ပျက်ပြီး (သို့) ကလေးမွေးပြီးဆီးခုံတွင်းပိုးဝင်ခြင်း။ | ဆီးခုံတွင်းပိုးဝင်ခြင်း၊ သားအိမ်ထဲပိုးဝင်ခြင်းနှင့်ကိုယ်ဝန်ပျက်ပြီးပိုးဝင်ခြင်းအကြောင်းဖတ်ပါ။ |
| **လိင်ဆက်ဆံစဉ်နာကျင်ခြင်း။** | • ဆီးခုံတွင်းရောင်ယမ်းခြင်း (PID) (သို့) ဆီးခုံတွင်းပိုးဝင်ရာမှအမာရွတ်ဖြစ်ခြင်း၊<br><br>• သားဥအိမ်တွင်အလုံးတည်ခြင်း။ (Ovarian cyst)<br><br>• သားအိမ်တွင်းအလုံးတည်ခြင်း။<br><br>• မလိုလားသောလိင်ဆက်ဆံမှုဖြစ်ခြင်း။ | PID အကြောင်းဖတ်ပါ။ |
| လှုပ်ရှား၊ လမ်းလျှောက် (သို့) အလေးမစဉ်တွင်နာကျင်ခြင်း။ | • ဆီးခုံတွင်းပိုးဝင်ခဲ့ခြင်း။<br>• အထက်ဖော်ပြပါအကြောင်းရင်းတစ်ခုခု | လိုအပ်လျှင်အကိုက်အခဲပျောက်ဆေးသုံးပါ။ |

| နာကျင်မှုအမျိုးအစား | ဖြစ်နိုင်ခြေရှိသောအကြောင်းရင်း | ဆောင်ရွက်ရန် |
|---|---|---|
| လစဉ်ရာသီစက်ဝန်းအလယ်ပိုင်းတွင်နာရီပေါင်းအနည်းငယ်လောက်သာနာကျင်ခြင်း။ | သားဥအိမ်မှသားဥကိုထုတ်လွှတ်သောအခါအနည်းငယ်သွေးပါသဖြင့်ဝမ်းဗိုက်တွင်နာကျင်မှု ရှိနိုင်သည်။  | ● လိုအပ်လျှင်အကိုက်အခဲပျောက်ဆေးတိုက်ပါ။<br>● မိမိခန္ဓာကိုယ်အကြောင်းသိရှိနားလည်ခြင်းသင်ခန်းစာကိုဖတ်ပါ။ |
| သားအိမ်တွင်းထည့်သန္ဓေတားပစ္စည်းထည့်သွင်းပြီး ၃ ပတ်အတွင်းနာကျင်ခြင်း။ | သားအိမ်တွင်းထည့်သန္ဓေတားပစ္စည်း (IUD) ထည့်ပြီးခါစတွင်ပိုးဝင်အလွယ်ဆုံးအချိန်ဖြစ်သည်။  | ● ကျန်းမာရေးလုပ်သားထံ ချက်ချင်းပြသပါ။ |
| **အခြားလက္ခဏာများမရှိဘဲ နာကျင်ခြင်း။** | ● ဆီးခုံတွင်းအင်္ဂါများသို့ ပိုးဝင်ခြင်းကြောင့်ဝမ်းဗိုက် (သို့) ခါးအောက်ပိုင်းတွင်လပေါင်းများစွာ (သို့) နှစ်ချီအောင်တောက်လျှောက်(သို့)နာလိုက်ပျောက်လိုက်နာကျင်ခြင်း။<br>● ဘက်တီးရီးယားပိုး (သို့) ကပ်ပါးပိုးများအူလမ်းကြောင်းသို့ဝင်ရောက်ခြင်း။<br>●သားအိမ် (သို့) သားဥအိမ်တွင်အလုံးဖြစ်ခြင်း။ | ● ဆီးခုံတွင်းစမ်းသပ်ရန်သင်ယူလေ့ကျင့်ထားသောကျန်းမာရေးလုပ်သားထံပြသပါ။<br>● ကျန်းမာရေးလုပ်သားထံ ပြသပါ။<br>● ဆီးခုံတွင်းစမ်းသပ်ရန် သင်ယူလေ့ကျင့်ထားသောကျန်းမာရေးလုပ်သားထံပြသပါ။ |

## ဝမ်းဗိုက်တွင်းနာကျင်ခြင်းနှင့် ပတ်သက်သည့်မေးခွန်းများ

အကယ်၍သင်၏နာကျင်မှုသည် ဖော်ပြခဲ့သောနာကျင်မှုအမျိုးအစားများနှင့် မကိုက်ညီသော်၊ ဤမေးခွန်းများကအထောက်အကူပြုနိုင်ပါသည်။

### (က) ဘယ်လိုနာကျင်မှုမျိုးလဲ။

- ပြင်းထန်စွာနာကျင်ပြီးပေါ်လိုက်ပျောက်လိုက်သွားလိုက်ဖြစ်သော နာကျင်မှုမျိုးသည်ကျောက်ကပ်တွင်ကျောက်တည်သောကြောင့် ဖြစ်နိုင်ပါသည်။
- ပြင်းထန်စွာဆွဲဆုပ်ထားသလိုနာကျင်မှုမျိုးသည်အူလမ်းကြောင်းတွင်ပြဿနာရှိသောကြောင့်ဖြစ်နိုင်ပါသည်။
- တစ်နေရာထဲတွင်စူးရှပြီးပြင်းထန်သောနာကျင်မှုမျိုးသည်အူအတက်ရောင်ခြင်း (သို့) သားအိမ်အပြင်ဘက်သန္ဓေတည်ခြင်းကြောင့်ဖြစ်နိုင်သည်။



### (ခ) ဘယ်လောက်ကြာအောင်နာကျင်သလဲ။

- ရုတ်တရက်ပြင်းထန်ပြီးသက်သာမလာသောနာကျင်မှုသည်စိုးရိမ်ဖွယ်ဖြစ်နိုင်ပါသည်။ သားဥပြွန်ထဲတွင်သန္ဓေတည်ခြင်း၊ အူအတက်ရောင်ခြင်း (သို့) အခြားအူလမ်းကြောင်းပြဿနာများ၊ သားဥအိမ်တွင်ပြဿနာရှိခြင်း (သို့) ဆီးခုံတွင်းရှိအင်္ဂါများရောင်ခြင်း၊ (pelvic inflammatory disease, PID) ကြောင့်ဖြစ်နိုင်ပါသည်။
- ပြင်းထန်စွာနာကျင်ခြင်းမဟုတ်ဘဲ ရက်ပေါင်းများစွာ၊ ရက်သတ္တပတ်ပေါင်းများစွာနာကျင်ခြင်းမျိုးသည်အရင်ပိုးဝင်ထားသောဒဏ်ရာ၊ အနာရွတ်များ (သို့) အစာမကြေဖြစ်ခြင်း (သို့) အာရုံကြောများကြောင့်ဖြစ်နိုင်ပါသည်။

*➢ ဝမ်းဗိုက်အတွင်းနာကျင်နေသောအမျိုးသမီးတစ်ဦးသည်ယနေ့လမ်းလျှောက်နိုင်သော်လည်းမနက်ဖြန်တွင်သေဆုံးသွားနိုင်သည်။ မသေချာလျှင်အကူအညီကိုစောလျှင်စွာတောင်းခံပါ။*